ဘာသာပြန်ဆိုချက် ၂၀၂၁



KNOWLEDGE TRANSFER

EAST-WEST SEED FOUNDATION



MYANMAR

သီးနှံစိုက်ပျိုးမှုလမ်းညွှန်

# ထိုင်ဝှမ်မုန်ညှင်း

## ● မြေပြုပြင်ခြင်း-စိုက်ဘောင်ပြုလုပ်ခြင်း

» စိုက်ဘောင်ကြားရှိမြောင်းငယ်သည် ရေသွင်းရေထုတ် လွယ်ကူစေရန် ထောက်ပံ့ကူညီပေးသည်။


» ပေါင်းမြက်များရှင်သန်ကြီးထွားမှုလျှော့ချရန်နှင့် အစိုဓာတ်ကိုထိန်းသိမ်းရန် ပလပ်စတစ် (သို့) သဘာဝဖြစ်သော ကောက်ရိုး အစရှိသည့် ပစ္စည်းများကို လည်းဖုံးအုပ်စိုက်ပျိုးနိုင်ပါသည်။


» တစ်ဧကအပင်ဦးရေ - ၈၉၉၀၀ (အသုံးပြုသောမျိုးနှင့် ရာသီဥတုပေါ် မူတည်၍ အပင်အရေအတွက်ကို ချိန်ညှိလုပ်ဆောင်ပါ)



# ● စိုက်ပျိုးခြင်း


» တုတ် (သို့) ဒေသသုံးကိရိယာကို အသုံးပြုပြီး ပင်ကြားတန်း ကြား စိုက်ကွက်ဖော်ပါ။
» မျိုးစေ့ကို ခပ်ပါးပါးစိုက်ပါ။
» အပင်ကို ဖြည်းဖြည်းခြင်း မှုန်း(နုတ်)ပါ။
 - အပင်ငယ် ၄ လက်မ
 - အပင်လတ် ၈ လက်မ
 - အပင်ကြီး (၁၀ - ၁၂) လက်မ
» မှုန်း(နုတ်)လိုက်သောအပင်များကို စားသုံးခြင်း(သို့) ရောင်းချခြင်း ပြုလုပ်နိုင်သည်။




# ● မြေသြဇာ အသုံးပြုခြင်း

» အလျား ၆ ပေဘောင်ပေါ်၌ မြေသြဇာကို ညီညာစွာကြဲပက်ပါ။
» မြေသြဇာမကျွေးခင် ပေါင်းရှင်းပါ။




မြေသြဇာပမာဏသည် သီးနှံပင်၏သင့်တော်သောအာဟာရလိုအပ်မှုနှင့် တစ်ဧက အပင်ဦးရေ ၈၉၉၀၀ ပင် ပေါ်တွင် အခြေခံထားသည်။
မြေသြဇာကျွေးရာတွင် သီးနှံပင်ကြီးထွား မှုအဆင့်၊ မြေဆီလွှာအခြေအနေနှင့် ရာသီဥတုပေါ်မူတည်၍ ချိန်ညှိဆောင်ရွက်ပါ။

# ● ဘက်စုံပိုးမွှားရောဂါစီမံခန့်ခွဲမှု



» အင်းဆက်ပိုးမွှားများကျရောက်မှုကို စစ်ဆေးထောက်လှမ်းရန်နှင့် အစုလိုက်အပုံ လိုက်ဖမ်းရန်စေးကပ် ထောင်ချောက်များအသုံးပြုပါ။
» စိန်ကွက်ဖလံကိုနှိမ်နင်းရန် အချိုရည်ထောင်ချောက်(သို့) မီးထောင်ချောက်ကို အသုံးပြုပါ။





ရောဂါပျံ့ပွားခြင်းမှကာကွယ်ရန် ကွင်းထဲရှိရောဂါရှိ သောအပင်များ၊ သီးနှံပင်ဟောင်းများနှင့် ပေါင်းမြက် များ ကိုဖယ်ရှား၍ဖျက်ဆီးပါ။



သီးလှည့်စိုက်ပျိုးခြင်းအားဖြင့် ရောဂါပိုးမွှားများစုပုံကျ ရောက်ခြင်းကို တားဆီးရုံမက မြေဆီသြဇာကိုလည်း ထက်သန်စေသည်။

# ● ဘက်စုံပိုးမွှားရောဂါစီမံခန့်ခွဲမှုနှင့် ပိုးသတ်ဆေးများကိုဘေးကင်းလုံခြုံစွာ အသုံးပြုခြင်း

» ခံနိုင်ရည်ရှိမှု အန္တရာယ်မှကာကွယ်ရန် ပိုးသတ်ဆေးအုပ်စုများကိုအလှည့်ကျသုံးစွဲပါ။

» အစွက်စားသီးနှံများအတွက်ပိုးသတ်ဆေး ဖျန်းခြင်းကို ရှောင်ရှားရမည်။ လိုအပ်ပါက မရိတ်သိမ်းမီ(၇) ရက်အလိုတွင်ဆေးဖျန်း ခြင်းကို လျှော့ချပါ။

» ပိုးသတ်ဆေးအညွှန်းများကိုသေချာစွာ ဖတ်ရှု၍အညွှန်းပါအတိုင်း အသုံးပြုပါ။ (သတ်မှတ်ထားသောသီးနှံ နှင့် ပိုးမွှားရောဂါ)

## ကျရောက်နိုင်သော ပိုးမွှားများ


ပျ


လောက်ကောင်



စိန်ကွက်ဖလံ


လှေးကျိုင်း

| ဆေးအစစ် | ဆေးအာနိသင် | ပြုမူဆောင်ရွက်ပုံ | ပျ | လောက်ကောင် | စိန်ကွက်ဖလံ | လှေးကျိုင်း |
|---|---|---|---|---|---|---|
| လမ်ဒါဆိုင်ဟေလိုသရင် (Lambda-cyhalothrin) | 3A | SC | ✔ | ✔ | ✔ | ✔ |
| ဒိုင်နိုတီဖြူရမ် (Dinotefuran) | 4A | S | ✔ | | | ✔ |
| စပိုင်နိုစက် (Spinosad) | 5 | S | | ✔ | ✔ | ✔ |
| စပိုင်နီတိုရမ် (Spinetoram) | 5 | SC | | ✔ | ✔ | |
| အဘာမက်တင် (Abamectin) | 6 | Slight S(အနည်းငယ်သော ပင်လုံးပြန့် အာနိသင်) | | ✔ | ✔ | ✔ |
| သိုင်အိုဆိုင်ကလမ်အောက်ဆဲလ်လိတ် (Thiocyclam oxalate) | 14 | SC | ✔ | | | |
| ကလိုရိုထရမ်နေလီပရိုးလ်(Chlorantraniliprole) | 28 | S | | ✔ | ✔ | |
| ဖလူဘမ်ဒိုင်ယာမိုက် (Flubendiamide) | 28 | S | | ✔ | ✔ | |
| ဘက်စီးလပ် သူရိဂျီအန်းစစ် (Bacillus thuringiensis) | 11A | C | | ✔ | ✔ | |
| အဇာဒီရာခ်ိင်တင်(တမာစစ်ထုတ်ရည်) (Azadirachtin (neem extract)) | UN | မသိနိုင်သော | ✔ | ✔ | ✔ | ✔ |

*IRAC* ကိုအခြေခံထားသော ဆေးအုပ်စု(ဆေးပြုမူဆောက်ရွက်ပုံ)၊ *SC* (စားသေ+ ထိသေ)၊ *S* (ပင်လုံးပြန့်ပိုးသတ်ဆေး)

## ကျရောက်နိုင်သော ရောဂါများ


အော်တာနေးရီးယားရွက်ပြောက်ရောဂါ


ဒေါင်းနီးမီှုရောဂါ

| ဆေးအစစ် | ဆေးအာနိသင် | ပြုမူဆောင်ရွက်ပုံ | မှတ်ချက် | အော်တာနေးရီးယားရွက်ပြောက်ရောဂါ | ဒေါင်းနီးမှိုရောဂါ |
|---|---|---|---|---|---|
| ကော့ပါးအခြေခံ မှိုသတ်ဆေးများ (Copper-based Fungicides) | M 01 | P | | ✔ | ✔ |
| ကလိုရိုသာရိုနေးလ် (Chlorothalonil) | M 05 | P | | ✔ | ✔ |
| မန်ကိုဇပ် (Mancozeb) | M 03 | P | | ✔ | ✔ |
| အဇိုဇီစထရိုဘင် (Azoxystrobin) | 11 | P + C | သီးနှံသက်တမ်းတလျှောက် အများဆုံး ၄ ကြိမ်သာ | ✔ | ✔ |
| ပရိုပါမိုကပ် (Propamocarb) | 28 | P + C | | | ✔ |
| ဆိုင်မိုဇာနေးလ် (Cymoxanil) | 27 | C | ကာကွယ်ဆေးနှင့်ရောဖျန်းနိုင်သည်။ (ကလိုရိုသာရိုနေးလ် (သို့) မန်ကိုဇပ်) | | ✔ |
| မက်တယ်လာဇီး (Metalaxyl) | 4 | P + C | ခံနိုင်ရည်ရှိမှုအန္တရာယ်လျော့နည်းစေရန် သီးနှံသက်တမ်းတလျှောက် အများဆုံး ၂ ကြိမ်သာ အသုံးပြုသင့်သည်။ | | ✔ |
| ဘက်စီးလပ် ဆပ်တီးလစ် (Bacillus subtilis) | BM02 | P | | | ✔ |

*FRAC* ကိုအခြေခံထားသော ဆေးအုပ်စု(ဆေးပြုမူဆောက်ရွက်ပုံ)၊ *P* = ကာကွယ်ဆေး(သီးနှံပင်ပေါ်၌ ရောဂါ လက္ခဏာမဖြစ်ပေါ် မီသာလျှင် အကျိုးသက်ရောက်မှုရှိသည်)၊ *C* = ကုသဆေး

1


အကာအကွယ်ပစ္စည်းများဝတ်ဆင်သုံးစွဲပါ။

2


ရာသီဥတုကောင်းမွန်သောအချိန်တွင် ဆေးဖျန်းပါ။

3


ကောင်းမွန်သောဆေးဖျန်းခေါင်းကို အသုံးပြုပါ။

4


ဆေးဖျန်းပြီးပါက ကောင်းမွန်စွာဆေးကြောပါ။

EAST-WEST SEED
FOUNDATION

KNOWLEDGE
TRANSFER

**https://growhow.eastwestseed.com**

*East West Seed Foundation* ၏ ၂၀၂၁ မူပိုင်ခွင့်။

စိုက်ပျိုးရေးသုံးဓာတုပိုးသတ်ဆေး အကြံပြုချက်များကို Wageningen University & Research နှင့်ပူးပေါင်း၍ လုပ်ဆောင်ပါသည်။

WAGENINGEN
UNIVERSITY & RESEARCH